## မစ္စတာဂမ်ဘာရီ မြန်မာ့အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂတွင် အစီရင်ခံတင်ပြ
## ၅ ဒီဇင်ဘာ ၂၀၀၇

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးအကြံပေး မစ္စတာအီဘရာဟင် ဂမ်ဘာရီ အင်္ဂါနေ့မှာ ကုလသမဂ္ဂ အထွေထွေညီလာခံဥက္ကဋ္ဌ ဆာဂျန်ကာရင်းမ် (Srgjan Kerim) နဲ့တွေ့ဆုံပြီး မြန်မာပြည်နဲ့ ပတ်သက်တဲ့ သူ့ရဲ့ကြိုးပမ်းချက်များကို တင်ပြပါတယ်။

မစ္စတာဂမ်ဘာရီဟာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနဲ့လည်းတွေ့ဆုံမယ်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုလည်း အစီရင်ခံမယ်၊ ကုလသမဂ္ဂအထွေထွေညီလာခံမှာလည်း တင်ပြမယ်၊ ပြီးတော့ သတင်းစာရှင်းလင်းပွဲတရပ်လည်း ပြုလုပ်ဦးမယ်လို့ သိရပါတယ်။

လုံခြုံရေးကောင်စီရဲ့ ဒီဇင်ဘာလ အလှည့်ကျဥက္ကဋ္ဌ အီတလီသံအမတ်ကြီး မာဆယ်လို စပါတာဖိုရာ (Marcello Spatafora) က ကုလသမဂ္ဂအထူးကိုယ်စားလှယ် ဂမ်ဘာရီရဲ့ မြန်မာပြည်ကို နောက်တကြိမ်သွားရောက်ဖို့ ခရီးစဉ်ဟာ အခု ဒီဇင်ဘာလအတွင်း ဒါမှမဟုတ် ၂၀၀၈ ခု နှစ်ဆန်းမှာဖြစ်လိမ့်မယ်လို့ ပြောဆိုပါတယ်။